Message Eleven

# ကောင်းသောမြေ၏ ထုတ်ကုန်မှ ပိုလျှံမှုနှင့် ဟုတ်မှန်ခြင်း၌ ခမည်းတော်ဘုရားသခင်ကို စုပေါင်းကိုးကွယ်ခြင်း

ဖတ်ရန်ကျမ်း။ ။ တရား၊ ၈း၇-၁၀။ ၁၂း၆-၇၊ ၁၁-၁၂၊ ၁၈။ ၁၆း၁၅-၁၇။ ဧ၊၃း၈။ ယော၊၄း၂၃-၂၄

**I. ကျွန်ုပ်တို့သည် *ပိုလျှံမှု* ဟူသောစကားလုံးကို အသုံးပြုရခြင်းမှာ အစ္စရေးလူများသည် ကောင်းသော မြေပေါ်မှာ အားထုတ်လုပ်ဆောင်မှုမှ သူတို့၏ထုတ်ကုန် ဝေစုတစ်စုံတစ်ခုကို ဘုရားသခင်အား ကိုး ကွယ်ခြင်းအကြံအစည်အတွက် ဘေးဖယ်ထားကြသောကြောင့် ဖြစ်သည် - တရား၊၁၂း၅-၁၅၊ ၁၇- ၁၈၊ ၂၀-၂၂၊ ၂၆-၂၇။ ၁၄း၂၂-၂၃။ ၁၅း၁၉-၂၀။ ၁၆း၁၆-၁၇။**

A. ကောင်းသောမြေ၏ ထုတ်ကုန်မှ ပိုလျှံမှုသည် ခရစ်တော်ကို ပုံဆောင်သည် - ၈း၇-၁၀။

B. အစ္စရေးလူမျိုးသည် ခါနန်ပြည်၏ထုတ်ကုန်ကို ဘုရားသခင်ထံသို့ ပူဇော်ကြပြီး၊ ဘုရားသခင်နှင့် အတူ ယင်းကို မွေ့လျော်ဝမ်း မြောက်ကြသည်။

C. ကောင်းသောမြေ၏ထုတ်ကုန် ပိုလျှံမှုကို မွေ့လျော်ဝမ်းမြောက်မှုသည် ဘုရားသခင်ထံသို့ ကျွန်ုပ် တို့၏ကိုးကွယ်ခြင်းအဖြစ် ခရစ်တော်ကို စုပေါင်းမွေ့လျော်ဝမ်းမြောက်မှုအား ပုံဆောင်သည် - ဧ၊၃း၈။

D. ဤပုံဆောင်ချက်၏ ဓမ္မသစ် ပြီးမြောက်ပြည့်စုံခြင်းအရ ကျွန်ုပ်တို့သည် စုပေါင်းခြင်းနည်းလမ်း ၌ ဘုရားသခင်ကို ကိုးကွယ်ရန် လာကြသောအခါ ကျွန်ုပ်တို့ တွေ့ကြုံခံစားခဲ့သည့် ခရစ်တော်ကို ယူဆောင်လာကြရမည်ဖြစ်သည် - ဧ၊၃း၁၇-၁၈။ ကော၊ ၁း၂၇။ ၃း၃-၄၊ ၁၁။

**II. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ခရစ်တော်အပေါ် သစ္စာရှိစွာ အားထုတ်လုပ်ဆောင်မည်ဆို လျှင် ကျွန်ုပ်တို့၌ အသင်းတော် အစည်းအဝေးများတွင် ခရစ်တော်ကို ထုတ်ဖော်ပြသရန် ထုတ်ကုန် အဖြစ် ခရစ်တော်၏ ကြွယ်ဝခြင်းများ ရှိကြလိမ့်မည်ဖြစ်သည် - ဧ၊၃း၈။ ၁ကော၊၁၄း၂၆။**

A. ခရစ်ယာန်များ၏ မှန်ကန်သင့်လျော်သည့် အသက်တာမှာ နေ့စဉ်တိုင်း ခရစ်တော်အပေါ် အား ထုတ်လုပ်ဆောင်ရန်နှင့် ထိုသို့ဖြင့် ခရစ်တော်ကို ကြွယ်ဝစွာ ထုတ်ဖော်ပြသခြင်းအတွက် အစည်းအဝေးများသို့ ယူဆောင်လာရန် ခရစ်တော်၏ ကြွယ်ဝသော ပိုလျှံမှု ရရှိခြင်း ဖြစ်သည် - အငယ်၊၂၆။

1. ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေးများ၌ ခရစ်တော်ကို ထုတ်ဖော်ပြသခြင်း ရှိရန် အတူတကွ လာကြခြင်းဖြစ်သည် - ကော၊၁း၁၈၊ ၂၇။
2. ခရစ်တော်၏ ကြွယ်ဝခြင်းများကို နေ့စဉ်တိုင်း တွေ့ကြုံခံစားခြင်းမှတဆင့် ဤကြွယ်ဝခြင်း များသည် ခရစ်တော်၏ထုတ်ကုန်ကို ထုတ်ဖော်ပြသခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည် - ဧ၊၃း၈၊ ၁၇-၁၈။ ကော၊၂း၆၊ ၉-၁၀၊ ၁၇။
3. ကျွန်ုပ်တို့၏စည်းဝေးခြင်းများသည် ခရစ်တော်ဖြစ်သောအရာ၊ ခရစ်တော် ရှိသောအရာနှင့် ခရစ်တော် ပြုတော်မူသောအရာကို ထုတ်ဖော်ပြသသည့် ထုတ်ကုန်ပြပွဲ အမြဲဖြစ်သင့်ပါ သည် - ဟေဗြဲ၊၁း၃။ ၂း၉၊ ၁၄။ ၁ယော၊၃း၈။ ၄း၉၊ ၁၅။ တ၊ ၂း၂၄၊ ၃၂-၃၃။ ဗျာ၊၁း၁၇ခ-၁၈။

B. ကျွန်ုပ်တို့စည်းဝေးကြခြင်းမှာ ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးထားခဲ့သည့် ခရစ်တော်ကို ပြသခြင်းသာမက၊ ကျွန်ုပ်တို့ထုတ်လုပ်သော ခရစ်တော်၊ ကျွန်ုပ်တို့အားထုတ်လုပ်ဆောင်ကာ ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သော ခရစ်တော်ကို ထုတ်ဖော်ပြသခြင်းလည်းဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့အတူတကွ စည်းဝေး၍ ထုတ်ဖော်ပြသကြသည့် ခရစ်တော်ပင်ဖြစ်သည် - ကော၊ ၁း၁၂-၁၃။ ဖိ၊၃း၁၀။

C. ကျွန်ုပ်တို့သည် ခရစ်တော်အပေါ် စဉ်ဆက်မပြတ် အားထုတ်လုပ်ဆောင်မည်ဆိုလျှင် ခရစ်တော်၏ ကြွယ်ဝသော ထုတ်ကုန် ပြသပွဲအတွက် အစည်းအဝေးများသို့ ယူဆောင်လာရန် ခရစ်တော်၏ ကြွယ်ဝသော ပိုလျှံမှုကို ရရှိကြလိမ့်မည်ဖြစ်သည် - ၁ကော၊၁း၂၄၊ ၃၀။ ၁၀း၃-၄။ ၁၄း၂၆။

D. ကျွန်ုပ်တို့အတူတကွ အစည်းအဝေးလာကြသောအခါတိုင်း ကျွန်ုပ်တို့၌ မည်သို့သော စည်းဝေးခြင်းမျိုး ရှိနေပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ပူဇော်ရန် ပိုလျှံမှုအဖြစ် ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သော ခရစ်တော်နှင့် လာ၍၊ စကြဝဠာတစ်ခုလုံးသို့ လည်းကောင်း၊ ရန်သူထံသို့လည်းကောင်း ထုတ်ဖော်ပြသပြီး သူ့ကို အရှက်ရစေရမည်ဖြစ်သည် - ယော၊၄း၂၃-၂၄။ ဧ၊၃း၁၀၊ ၁၇။ ၄း၁၅။

1. ထိုအခါ ကျွန်ုပ်တို့၏ စည်းဝေးခြင်းများသည် အားပြည့်ကြွယ်ဝ၍ ခွန်အားသန်စွမ်းမည် ဖြစ်သည်၊ အကြောင်းမှာ သူတို့သည် ခရစ်တော်နှင့် ပြည့်ဝကြသောကြောင့်ဖြစ်သည် - ကော၊ ၃း၄၊ ၁၀-၁၁။
2. ထိုသို့သော အသင်းတော်အသက်တာသည် ခရစ်တော်ကို ထုတ်ဖော်ပြသခြင်း၊ ခရစ်တော်၏ ထင်ရှားခြင်း ဖြစ်သည် - ဧ၊၃း၂၁။
3. ကျွန်ုပ်တို့သည် အစည်းအဝေးတိုင်းသို့ ခရစ်တော်ကို ထုတ်ဖော်ပြသရန် ခရစ်တော်၏ ပိုလျှံမှုကို ယူဆောင်လာဖို့ လိုအပ် သည် - အငယ်၊၈။
4. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ပြီး၊ ကိုယ်တော်ကို ထုတ်ဖော်ပြသဖို့ အတူတကွ စည်းဝေးကြရန် လိုအပ်သည် - ၁ပေ၊၁း၈။

E. မှန်ကန်သင့်လျော်သည့် ခရစ်ယာန်စည်းဝေးခြင်းများ ရှိရန် ကျွန်ုပ်တို့သည် မိမိတို့တစ်ဦးချင်း အသက်တာ၌ သခင်ဘုရားကို ဆက်သွယ်၍၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို ထုတ်ဖော်ပြသရန်နှင့် အခြားသူများနှင့်အတူ ခရစ်တော်ကို မျှဝေရန် လာကြခြင်းဖြစ်ကြောင်း သိမှတ်ခြင်းနှင့် နားလည်သဘောပေါက်ခြင်းနှင့်အတူ အစည်းအဝေးများသို့ လာကြရန် လိုအပ်သည် - ၁ကော၊ ၁၄း၂၆။

F. "ခရစ်တော်နှင့် တွေ့ရစဉ်တိုင်း/ ကိုယ်တော်၏ ပြည့်စုံပိုလျှံခြင်း / ဘုရားထံ အစာဖြစ်ပူဇော် / ခရစ်တော်ကို ပြသ။/ ခရစ်တော် ပြကြစို့ / ခရစ်တော် ပြကြစို့။/ ပိုလျှံခြင်း သင်းတော်သို့ ယူဆောင် / ခရစ်တော် ပြကြစို့"- *ဓမ္မသီချင်း ၄၆၂* အပိုဒ် ၁ နှင့် ထပ်ဆို။

**III. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ရန် လိုအပ်သည်၊ ယင်းမှာ ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်ကို စုပေါင်းကိုးကွယ်ခြင်းအတွက် အသင်းတော်**

**အစည်းအဝေးများသို့ ယူဆောင်လာရန် ခရစ်တော်၏ ပိုလျှံမှုကို ရရှိခြင်းအလို့ငှာ ဖြစ်သည် - ယော၊ ၄း၂၃-၂၄။ ၈၊၃း၂၁။**

A. "နှစ်ပေါင်းလေးဆယ်ကျော်ထက်မက (၁၉၈၂ ခုနှစ်က ပြောခဲ့သောစကား) ကျွန်ုပ်သည် ဘုရားသခင်ကို စစ်မှန်သော ကိုးကွယ်ခြင်းနှင့် စပ်လျဉ်းသည့် တိုက်ပွဲကို တိုက်ခိုက်နေခဲ့ရသည်။ ဤတိုက်ပွဲကို အနိုင်ရရှိခြင်း မရှိသေးပါ" - *The Fulfillment of the Tabernacle and the Offerings in the Writings of John*, p. 142။

B. ကိုယ်တော်ကို ကိုးကွယ်ခြင်းအတွက် ခမည်းတော်က ကျွန်ုပ်တို့သည် ခရစ်တော်ကို ရိတ်သိမ်းခြင်းနှင့်အတူ ကိုယ်တော်ထံလာစေရန် တောင်းဆိုနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသင်းတော် အစည်းအဝေးများသို့ ခရစ်တော်၏ ကြွယ်ဝခြင်းများနှင့်အတူ လာကြရန် လိုအပ်သည် - ယော၊၄း၂၃-၂၄။ ၈၊၃း၈။

C. နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်၍ ခမည်းတော် ဘုရားသခင်ကို စုပေါင်းကိုးကွယ်ခြင်းအတွက် အသင်းတော်အစည်းအဝေးများသို့ ယူဆောင်လာရန် ခရစ်တော်၏ ကြွယ်ဝခြင်းများကို ရိတ်သိမ်းခြင်း ရှိသင့်ပါသည်။ ခရစ်တော်သည် ချီးမြှောက်ခြင်းနှင့် ဘုန်းထင်ရှားခြင်း ရှိပြီး၊ ခမည်းတော်သည် နှစ်သက်အားရကာ ကျေနပ်နှစ်သိမ့်ခြင်း ရှိလိမ့်မည်ဖြစ်သည် - တရား၊၁၂း၆။ ၁၆း၁၅-၁၇။ ၁ကော၊၁၄း၂၆။ ယော၊၄း၂၃-၂၄။

D. ကျွန်ုပ်တို့သည် ခရစ်တော်အပေါ် လုံ့လဝီရိယရှိစွာ အားထုတ်လုပ်ဆောင်၍ ကျွန်ုပ်တို့၏လက်များ၌ ခရစ်တော်အပြည့် ရှိကာ၊ ထိုနောက် အသင်းတော်အစည်းအဝေးများသို့ လာ၍ ဤကြွယ်ဝသော၊ ဘုန်းထင်ရှားသော ခရစ်တော်ကို ဘုရားသခင့်သား များနှင့်လည်းကောင်း၊ ခမည်းတော် ဘုရားသခင် ကိုယ်တော်တိုင်နှင့်လည်းကောင်း မွေ့လျော်ဝမ်းမြောက်ရန်မှာ အလွန်ပင် အရေးကြီးလှပေသည် - ၁ကော၊၁ဝး၃၁။ ၁၄း၂၆။ ယော၊၄း၂၃-၂၄။ ရော၊၁၅း၆။

E. ကျွန်ုပ်တို့သည် သခင်ဘုရားကို အောက်မေ့ရန်နှင့် ခမည်းတော်ကို ကိုးကွယ်ရန် သခင်ဘုရားစားပွဲတော် အစည်းအဝေးသို့ လာကြသောအခါတိုင်း၊ ခရစ်တော်အပေါ် ကျွန်ုပ်တို့ နေ့စဉ် အားထုတ်လုပ်ဆောင်မှုအားဖြင့် ထုတ်လုပ်သော ခရစ်တော်၏ ကြွယ်ဝခြင်းများနှင့်အတူ လာကြရမည်ဖြစ်သည် - တရား၊၁၆း၁၅-၁၇။

1. ခရစ်တော်ဖြင့် ဘုရားသခင်ကို ကိုးကွယ်ခြင်းမှာ အချင်းချင်းနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ဘုရားသခင်၏ သားများအားလုံးနှင့်အတူ စုပေါင်းခြင်းဖြင့် ကိုယ်တော်ကို ကိုးကွယ်ခြင်း ဖြစ်သည် - ၁ကော၊၁၄း၂၆။
2. ကျွန်ုပ်တို့သည် ခရစ်တော်ကို အလုံအလောက် ထုတ်လုပ်ရန် လိုအပ်သည်၊ သို့မှသာ အခြားသူများနှင့် ဝေမျှရန်လည်းကောင်း၊ ထုတ်ကုန်၏ အကောင်းဆုံးအပိုင်းကို ကိုယ်တော်၏ ဝမ်းမြောက်မှု၊ နှစ်သက်အားရမှုနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် ခမည်းတော် ဘုရားသခင်ထံ ပူဇော်ခြင်းငှာလည်းကောင်း ပိုလျှံမှု ရှိလိမ့်မည်ဖြစ်သည် - တရား၊၁၅း၁၁။ ၁၈း၃-၄။ ၁၂း၁၁။

F. ဤနောက်ဆုံးနေ့ရက်များတွင် သခင်ဘုရားသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်နှင့် သတို့သား၏ ကြွလာခြင်းအဖို့ မိမိကိုယ်ကို အဆင်သင့်ဖြစ်စေသော သတို့သမီးအတွက် အစည်းအဝေးများ၌ ကိုယ်တော်၏ ကြွယ်ဝခြင်းများ ပိုလျှံမှုရရှိဖို့ ခရစ်တော်ကို စစ်မှန်သော တွေ့ကြုံခံစားခြင်းအား ပြန်လည်ရယူလိမ့်မည်။

**IV. ယောဟန် ၄း၂၃-၂၄ အရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခမည်းတော် ဘုရားသခင်အား ဝိညာဉ်၌လည်းကောင်း၊ ဟုတ်မှန်ခြင်း၌ လည်းကောင်း ကိုးကွယ်ရန် လိုအပ်သည်။**

A. ဟုတ်မှန်ခြင်းမှာ ဖွင့်ပြခံရသော ဘုရားဆိုင်ရာ စစ်မှန်ခြင်း - သုံးပါးတစ်ပါးဘုရားသည် သားတော် ယေရှုခရစ်၌ လူအထဲသို့ ဝေငှဖြန့်ဖြူးခြင်း - သည် ကျွန်ုပ်တို့၏စစ်မှန်ခြင်းနှင့် အစစ်အမှန်ဖြစ်လာခြင်း ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအလင်းနှင့်အတူ လိုက်ဖက်ညီသော အသက်တာကို အသက်ရှင်၍ (၁ယော၁း၅)၊ ဘုရားသခင် ရှာဖွေနေသည့် ကိုယ်တော် ဖြစ်တော်မူသည့်အတိုင်း ဘုရားသခင်ကို ကိုးကွယ်ခြင်း ရှိနိုင်မည်ဖြစ်သည် (၂ယော၁။ ၃ယော၁)။

B. ဘုရားဆိုင်ရာ စစ်မှန်ခြင်းကို ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်းထဲမှ လူသားဆိုင်ရာ ဟုတ်မှန်ခြင်း၊ အစစ်အမှန်ဖြစ်ခြင်းနှင့် စစ်မှန်ခြင်း ထွက်ပေါ်လာသည် - ယော၄း၂၃-၂၄။ ၁ယော၃း၁၈။ ၂ယော၁။ ၃ယော၁။

C. ဟုတ်မှန်ခြင်းသည် လူသားကောင်းမြတ်ခြင်းများ အဖြစ်လည်းကောင်း၊ ဘုရားဆိုင်ရာ စစ်မှန်ခြင်း၏ ရလဒ်အဖြစ်လည်းကောင်း လူသားဆိုင်ရာ စစ်မှန်ခြင်း၊ အစစ်ဖြစ်ခြင်း၊ ရိုးသားခြင်း၊ စိတ်ချအားကိုးထိုက်ခြင်းနှင့် သစ္စာရှိခြင်းဖြစ်သည် - ယော၊ ၁၄း၆။

D. ယောဟန် ၄း၂၃-၂၄ ရှိ *ဟုတ်မှန်ခြင်း* သည် ဘုရားဆိုင်ရာစစ်မှန်ခြင်းက ဘုရားသခင်ကို မှန်သော ကိုးကွယ်ခြင်းအတွက် လူ၏ စစ်မှန်ခြင်းနှင့် အစစ်အမှန်ဖြစ်ခြင်းကို ရည်ညွှန်းသည်။

E. ဘုရားဆိုင်ရာ စစ်မှန်ခြင်းသည် အသက်ပေးသော ဝိညာဉ်တော်တည်းဟူသော အသက်ရှင်သော ရေ၏ စမ်းရေတွင်းအဖြစ် ခရစ်တော်ကို ယုံကြည်သူများက သူတို့အတွင်းပိုင်း စစ်မှန်ခြင်းဖြစ်စေရန်နှင့် နောက်ဆုံးတွင် ကိုယ်တော်ရှာဖွေနေသည့် ကိုးကွယ်ခြင်းနှင့်အတူ ဘုရားသခင်ကို ကိုးကွယ်ခြင်း၌ သူတို့၏ စစ်မှန်ခြင်းနှင့် အစစ်အမှန်ဖြစ်ခြင်း ဖြစ်လာရန် သူတို့ယူဆောင် စားသုံးကာ သောက်သုံးခြင်း ဖြစ်သည် - အငယ်၊၁၀၊ ၁၄၊ ၂၃။

F. ခမည်းတော်ကို ဟုတ်မှန်ခြင်း၌ ကိုးကွယ်ခြင်းမှာ ဘုရားဆိုင်ရာစစ်မှန်ခြင်းအဖြစ် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်မှုမှတဆင့် ကျွန်ုပ်တို့၏ တစ်ဦးချင်း စစ်မှန်ခြင်းဖြစ်လာရန် ကျွန်ုပ်တို့ဖြစ်ခြင်းကို ပျော်ဝင်ပြည့်ဝစေသည့် ခရစ်တော်ဖြင့် ကိုယ်တော်ကို ကိုးကွယ်ခြင်း ဖြစ်သည် - အငယ်၊၂၃-၂၄။